# သစ်တောနယ်မြေ(ကြိုးဝိုင်း/ ကြိုးပြင်ကာကွယ်တော)အတွင်း သဘာဝအခြေခံခရီးသွားလုပ်ငန်း အတွက် သစ်တောမြေငှားရမ်းခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းများ

## လုပ်ငန်းစဉ်-၁ သစ်တောမြေအသုံးချမှုအတွက်လျှောက်ထားခြင်း

- သစ်တောနယ်မြေအတွင်း အခြားမြေအသုံးချမှုအတွက် အဆိုပြုလျှောက်ထားခြင်းနှင့် ပတ်သက်၍ ကုမ္ပဏီအဖွဲ့အစည်းများက သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်း ရေးဝန်ကြီးဌာန(သို့) ညွှန်ကြားရေးမှူးချုပ်ရုံးသို့ ငှားရမ်းလိုသည့်ကာလ ဖော်ပြ၍ လျှောက်ထား တင်ပြ ရပါသည်။
- နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် ၃/၂၀၁၈အရ သစ်တောမြေငှားခြင်းကို ဝန်ကြီးဌာနအနေဖြင့် (၅)နှစ်ကာလ အထိသာ ခွင့်ပြုနိုင်ပြီး (၅)နှစ်အထက် ကာလကို နိုင်ငံတော်သမ္မတရုံး ကြိုတင်ခွင့်ပြုချက် ရယူရမည်ဖြစ်သဖြင့် လျှောက်ထားသူက သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့မှ တစ်ဆင့်(သို့) သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှတစ်ဆင့် (ဥပမာ- ခရီးသွားလုပ်ငန်း အတွက် ဟိုတယ်နှင့်ခရီးသွားဝန်ကြီးဌာနမှတစ်ဆင့်) နိုင်ငံတော်သမ္မတရုံး ခွင့်ပြုချက် ရယူ တင်ပြရမည်ဖြစ်ပါသည်။

## လုပ်ငန်းစဉ်-၂ ကွင်းဆင်းစစ်ဆေးခြင်း

- ပြည်ထောင်စုဝန်ကြီးရုံးက စိစစ်တင်ပြရန် အကြောင်းကြားခြင်း (သို့) ညွှန်ကြားရေးမှူး ချုပ်ရုံး၊ သစ်တောဦးစီးဌာနသို့ လျှောက်ထားပါ က သက်ဆိုင်ရာ နေပြည်တော်ကောင်စီ နယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်၊ သစ်တောဦးစီးဌာနကို ကွင်းဆင်းစစ်ဆေးတင်ပြရန် အကြောင်းကြား ပါသည်။

## လုပ်ငန်းစဉ်-၃ စိစစ်ခြင်း

- သက်ဆိုင်ရာနေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် ညွှန်ကြားရေးမှူး ၏သဘောထားမှတ်ချက်နှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ တင်ပြချက် အစီရင်ခံစာကို ညွှန်ကြားရေးမှူးချုပ်ရုံးကစိစစ်၍သစ်တောဦးစီးဌာန၊စီမံခန့်ခွဲမှု ကော်မတီအစည်းအဝေး တွင် စိစစ် ဆုံးဖြတ်၍ သဘာဝအခြေခံခရီးသွားလုပ်ငန်းနှင့် အပန်းဖြေစခန်း လုပ်ငန်းများ နှင့် ပတ်သက်၍ Eco Resort Guideline နှင့်အညီ လုပ်ငန်းစီမံချက်နှင့် သစ်တောသစ်ပင် ပြုစုထိန်းသိမ်းမည့် စီမံချက်များ ရေးဆွဲတင်ပြစေခြင်း၊ လိုအပ်ချက်များရှိပါက ပြန်လည် ညွှန်ကြားခြင်း၊ အချက်အလက်များ ပြည့်စုံပါက ပြည်ထောင်စုဝန်ကြီးရုံးသို့ ကွင်းဆင်း စစ်ဆေးချက် အစီရင်ခံစာနှင့်အတူ တင်ပြခြင်း ဆောင်ရွက်ပါသည်။

## လုပ်ငန်းစဉ်-၄ လျှောက်ထားခြင်းအပေါ် သဘောထားပြန်ကြားခြင်း

- စီမံခန့်ခွဲမှုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်အရ ညွှန်ကြားရေးမှူးချုပ်ရုံးက တင်ပြလာမှုကို ပြည်ထောင်စုဝန်ကြီးရုံးက ဝန်ကြီးဌာန၊ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးတွင် စိစစ်၍ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ လိုအပ်ချက်များရှိပါက ပြန်လည်ညွှန်ကြားခြင်း၊သဘောတူခွင့်ပြုကြောင်း(သို့)ခွင့်မပြုကြောင်းကို ပြည်ထောင်စုဝန်ကြီးရုံးက သစ်တောဦးစီး ဌာနသို့ ပြန်ကြားပါသည်။
- ပြည်ထောင်စုဝန်ကြီးရုံးက စိစစ်၍ အကြောင်းပြန်ကြားလာပါက အောက်ပါအတိုင်း ဆောင်ရွက်ပါသည်-

**ခွင့်မပြုသည့်လုပ်ငန်း**

- မြေပြင်တွင် တရားမဝင်လုပ်ငန်း ဆောင်ရွက်မှုမရှိစေရေး သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနနှင့် အဆိုပြုလျှောက်ထားသူသို့ ဆက်လက်အကြောင်း ပြန်ကြား ပါသည်။

**ပြန်လည်ညွှန်ကြားသည့်လုပ်ငန်း**

- ဖြည့်စွက်ဆောင်ရွက်ရန်လိုအပ်သည့် လုပ်ငန်များအတွက် သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာနနှင့် အဆိုပြုလျှောက်ထားသူသို့ ဆောင်ရွက်တင်ပြစေရေး အကြောင်းကြားပြန်ကြားပြီး ဆောင်ရွက်တင်ပြလာပါက စိစစ်၍ ပြည်ထောင်စုဝန်ကြီးရုံးသို့ တင်ပြပါသည်။
- **ခွင့်ပြုသည့်လုပ်ငန်း**
- အောက်ပါအချက်အလက်များအတိုင်း လိုက်နာဆောင်ရွက် တင်ပြရန်သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်သစ်တောဦးစီးဌာနနှင့် အဆိုပြု လျှောက်ထားသူသို့ အကြောင်းကြားပါသည်-
  - သက်ဆိုင်ရာအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ဒေသပေါက်စျေး အတည်ပြုချက်၊
  - ကုမ္ပဏီမှတ်ပုံတင်၊ ကုမ္ပဏီ Profile၊
  - ကုမ္ပဏီတာရိုက်တာအဖွဲ့ဝင်များ
  - ကုမ္ပဏီ၏ သင်းဖွဲ့စည်းမျဉ်း၊
  - ငွေကြေးတောင့်တင်းခိုင်မာမှု(Bank Statement) (ခြောက်လ အတွင်း ပေးသွင်းထားမှု ဖြစ်ရမည်။)၊
  - စာချုပ်မည့်ပုဂ္ဂိုလ်နှင့် အသိသက်သေတို့၏ ကိုယ်ရေးအချက် အလက်များ၊
  - နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့၏ သဘောထား၊
  - သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ၏သဘောထားမှတ်ချက်၊
  - ဒေသခံပြည်သူများ၏ သဘောထား။

## လုပ်ငန်းစဉ်-၅ စာချုပ်(မူကြမ်း)ပြုစုခြင်း

- အထောက်အထားများစုစည်း၍စာချုပ် (မူကြမ်း) ပြုစုပြီး ဥပဒေရေးရာဝန်ကြီးဌာနသို့ သဘောထားအကြံပြုချက် တောင်းခံပါသည်။
- ဥပဒေရေးရာဝန်ကြီးဌာနက သဘောထားပြန်ကြားလာပါက ဥပဒေရေးရာဝန်ကြီးဌာန၊ ဥပဒေအကြံဉာဏ် ပေးရေးဦးစီးဌာန၏ သဘောထားမှတ်ချက်နှင့်အညီ စာချုပ်ကို ဖြည့်စွက်ပြင်ဆင်ခြင်း၊ သတ်မှတ်မြေငှားခ၊ လုပ်ငန်းအာမခံ၊ မြေအသုံးချမှုအာမခံ၊ ကုန်သွယ်ခွန်၅%တို့ကို စာမချုပ်မီကုမ္ပဏီကို ကြိုတင်ပေးသွင်းစေခြင်း ဆောင်ရွက် ပါသည်။
- ဥပဒေရေးရာ ဝန်ကြီးဌာန၏ အကြံပြုချက်နှင့်အညီ စာချုပ်(မူကြမ်း)ကို ပြင်ဆင် ဖြည့်စွက်ခြင်း၊ လိုအပ်သည့် အချက်အလက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်/ နေပြည်တော်ကောင်စီနယ်မြေ သစ်တောဦးစီးဌာနက တစ်ဆင့် ကုမ္ပဏီသို့ အကြောင်းကြား ဆောင်ရွက်စေခြင်းများ ဆောင်ရွက်ပါသည်။

## လုပ်ငန်းစဉ်-၆ စာချုပ်ချုပ်ဆိုခြင်း

- ပြည်ထောင်စုဝန်ကြီးရုံးက ညွှန်ကြားသည့် အချက်အလက်များ ပြည့်စုံပါက ကုမ္ပဏီနှင့် စာချုပ်ခြင်းကို ညွှန်ကြားရေးမှူးချုပ်ရုံး၌ ဆောင်ရွက်ပါသည်။
- စာချုပ်မချုပ်ဆိုမီဖြစ်စေ၊ ချုပ်ဆိုပြီးစာချုပ်ကိုဖြစ်စေ နေပြည်တော်/တိုင်းဒေသကြီး/ ပြည်နယ်တစ်ခုခု၏ အခွန်ရုံးများတွင် အခွန်တံဆိပ်ခေါင်းများကပ်နှိပ်စေခြင်းနှင့် ချုပ်ဆို ပြီး သည့်စာချုပ်ကို သက်ဆိုင်ရာမြို့နယ်ရှိ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ စာချုပ်စာတမ်း မှတ်ပုံတင်ရန် ကုမ္ပဏီနှင့် သက်ဆိုင်ရာသစ်တောဦးစီးဌာနသို့ အကြောင်းကြား ဆောင်ရွက်စေပါသည်။
- စာချုပ်စာတမ်းမှတ်ပုံတင်ခြင်းဆောင်ရွက်ရာ၌ စာချုပ်တွင် ဌာနကိုယ်စား လက်မှတ် ရေးထိုးသည့် ညွှန်ကြားရေးမှူးချုပ် ကိုယ်စား သက်ဆိုင်ရာ ခရိုင်လက်ထောက် ညွှန်ကြားရေးမှူးက လည်းကောင်း၊ အသိသက်သေတွင် လက်မှတ်ရေးထိုးသည့် ညွှန်ကြားရေးမှူးကိုယ်စား သက်ဆိုင်ရာ မြို့နယ်ဦးစီးအရာရှိက လည်းကောင်း တာဝန်ယူဆောင်ရွက်ပါသည်။

## လုပ်ငန်းစဉ်-၇ ကြီးကြပ်ဆောင်ရွက်ခြင်း

- စာချုပ်ချုပ်ဆိုထားသည့် လုပ်ငန်းများနှင့်ပတ်သက်၍ စာချုပ်ချုပ်ဆိုပြီး ခွင့်ပြုဧရိယာ တွင် စည်းကမ်းသတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်းရှိ/ မရှိ ၎င်းတို့၏ ဆောင်ရွက်မှု ကြောင့် သဘာဝပတ်ဝန်းကျင်နှင့် သစ်တောသစ်ပင်များကို ထိခိုက်မှု ရှိ/ မရှိ သက်ဆိုင် ရာ တိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ် သစ်တောဦးစီးဌာနများက စဉ်ဆက်မပြတ် ကွင်းဆင်းစစ်ဆေးခြင်း၊ နှစ်စဉ်သတ်မှတ်အခွန်ငွေများ ပေးသွင်းရန်ကြပ်မတ်ခြင်းတို့ ဆောင်ရွက်ပါသည်။

- နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ် ၃/၂၀၁၈အရ ဝန်ကြီးဌာနအနေဖြင့် ငှားရမ်းကာလ (၅)နှစ်ထိ နှစ်စဉ်သက်တမ်းတိုးသည့် မြေငှားစနစ်ဖြင့် ခွင့်ပြုနိုင်သဖြင့် စာချုပ်သက်တမ်း ကာလ(၁)နှစ်သတ်မှတ်ပြီး စာချုပ်သက်တမ်းတိုးမြှင့်လိုပါက သက်တမ်းမကုန်ဆုံးမီ(၃)လ ကြိုတင်လျှောက်ထားရမည်ဖြစ်ပါသည်။
- လုပ်ငန်းဆောင်ရွက်ခွင့်ပြုသည့်ကာလ ကုန်ဆုံးသည့်အခါ၌ဖြစ်စေ၊ ဆက်လက်လုပ်ကိုင်လိုခြင်းမရှိ၍ မြေနေရာပြန်လည်အပ်နှံသည့်အခါ၌ဖြစ်စေ စာချုပ်စည်းကမ်းပါ အချက်များနှင့်အညီ သက်ဆိုင်ရာ နေပြည်တော်ကောင်စီနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ် သစ်တောဦးစီးဌာန၏ ကွင်းဆင်းစစ်ဆေးချက်များအပေါ် စိစစ်၍ ဆက်လက် သက်တမ်းတိုးခွင့်ပြုခြင်း၊ ပေးသွင်းထားသည့် လုပ်ငန်းအာမခံငွေကို ပြန်လည် ထုတ်ယူခွင့်ပြု၍ စနစ်တကျ မြေပြန်လည် အပ်နှံခြင်း၊ စာချုပ်ပယ်ဖျက်ခြင်းကို ဆောင်ရွက်ပါသည်။
- စာချုပ်ချုပ်ဆိုခွင့်ပြုထားသည့် ကုမ္ပဏီ/ လုပ်ငန်းရှင်များက စာချုပ်စည်းကမ်းဖောက်ဖျက်မှုများရှိပါက ပေးသွင်းထားသည့် လုပ်ငန်းအာမခံငွေကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်း၊ တည်ဆဲဥပဒေများအရ အရေးယူခြင်းများ ဆောင်ရွက်ပါသည်။
- သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောနယ်မြေအတွင်း အခြားမြေအသုံးချမှုများအား မြေငှား ရမ်းခွင့်ပြုရာတွင် ၂၀၁၈ခုနှစ်၊ သစ်တောဥပဒေပုဒ်မ ၁၂(က) အရနိုင်ငံတော် စီးပွားရေးဖွံ့ဖြိုးတိုး တက်ရေးနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းကာကွယ်ရေးတို့ကို ချင့်ချိန်၍ သစ်တောမြေ ငှားရမ်းခြင်းကို လုပ်ထုံးလုပ်နည်း၊ စည်းကမ်းချက်များ သတ်မှတ်၍ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်စေမည့် နည်းလမ်းများဖြင့် စိစစ်ခွင့်ပြုခြင်း၊ စစ်ဆေးကြပ်မတ်ခြင်း လိုက်နာဆောင်ရွက်မှု မရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းများကို ဆောင်ရွက်ပါသည်။